# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ အင်္ဂါနေ့ (29-11-2011) (၆၉၁)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ
## ပန္နရသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းသိမ်မဏ္ဍပ်ရုံ၌ ဆက်လက်ကျင်းပသည်။



အစည်းအဝေးတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝေပုလ္လက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တသီလာစာရာဘိဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ သာသနာရေးရာများကို လျှောက်ထားကြရာ လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးက ချန်လှပ်ခဲ့သော ဝိနိစ္ဆယရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် ဇောဒသမ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ် **စာမျက်နှာ ၂ ကော်လံ ၁ သို့**

ပန္နရသမအစည်းအဝေး
ဒုတိယနေ့ ကျင်းပ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

## ယနေ့ မိုးလေဝသ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတပ်မြို့အတွင်း လှည့်လည်ကြည့်ရှု

## တပ်မဟာနချုပ်(စစ်တကောင်း)တပ်မမှူးနှင့် တွေ့ဆုံ၍ တပ်မတော်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် စစ်တကောင်းမြို့အခြေစိုက် အမှတ်(၂၄)ခြေလျင်တပ်မ တပ်မမှူး Major General MD ASHAB UDDIN , ndc, psc လိုက်ပါလျက် ခြေလျင်တပ်မ စစ်သည်စားရိပ်သာနှင့် စစ်တကောင်းတပ်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ တပ်မဌာနချုပ် (စစ်တကောင်း)သို့ ရောက်ရှိပြီး တပ်မမှူး Major General MD ASHAB UDDIN, ndc, psc နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဘင်္ဂလားဒေ့ရှ် ကြည်းတပ် စစ်တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် သင်ကြားရေးနှင့် လေ့ကျင့်ရေးတို့ စီမံဆောင်ရွက်ထားရှိသည်များကို ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၉-၁၁-၂၀၁၁ [အင်္ဂါနေ့]။

# ဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာ

တောင်းမှာအကွပ်၊ လူမှာအဝတ်ဟူသည့် မြန်မာ့ဆိုစကားရှိသည်။ အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဟုလည်း ဆိုကြပြန်သည်။ ယင်းတို့သည် လူတို့လိုက်နာကျင့်သုံးရမည့် ဆိုရိုးစကားများဖြစ်သည်။ ရှေးလူကြီးသူမများသည် အမြော်အမြင်ကြီးမားစွာဖြင့် ဆိုခဲ့ကြသည်။ နောင်လာနောက်သားများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်နီတိများစွာ ကြားဖူးသည်။

ဈေးသုံးကိုလည်း မလွယ်နဲ့၊ ရှေးထုံးကိုလည်း မပယ်နဲ့ဟု ဆိုထားပြန်သည်။ ဈေးသုံးလွယ်တော့ မွဲတတ်တယ်၊ ရှေးထုံးပယ်တော့ ခက်လိမ့်မယ်ဟု သတိပေးခဲ့ကြပြန်သည်။ ထိုအဆိုအမိန့်များကို လိုက်နာကျင့်သုံးကြသောလူတို့သည် ကြီးပွားချမ်းသာခြင်းသို့ ရောက်ကြပြီး မလိုက်နာသောလူတို့သည် လူမှုဘဝတွင် အခက်အခဲများနှင့် ကြုံတွေ့ကြရသည်။

နိုင်ငံသစ်ဆီသို့ ချီတက်နေသော ယနေ့အချိန်အခါသမယတွင် ကျွန်ုပ်တို့ ပြည်သူပြည်သားအပေါင်းတို့သည် ရှေးလူကြီးသူမ ဆိုရိုးစကားများ၊ ယနေ့ စည်းကမ်းဥပဒေများကို လိုက်နာကျင့်သုံးကြဖို့ လိုပါသည်။ ပြုဖန်များသော အလေ့အထသည် စွဲမြဲသောအကျင့်များ ဖြစ်စေတတ်ရာ မကောင်းသောအလေ့အထများကို ရှောင်ရှား၍ ကောင်းသောအလေ့အထများကို ကျင့်သုံးကြရမည် ဖြစ်ပါသည်။ ကောင်းသော ပြုဖွယ်ကိစ္စ ကြိမ်ဖန်များမှ ကောင်းသောအကျင့်များ စွဲမြဲကြမည်ဖြစ်ပါသည်။ သို့မှ ဤအရာကို မလုပ်ရဟုဆိုလျှင် သွေဖည်၍ မလုပ်မိကြဘဲ ကြပ်ကြပ် သတိစွဲလုပ်ကိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာအချို့အဖို့ စွဲမြဲနေသောအလေ့အထမှာ 'ရပါတယ်' ဟု အလွယ်သုံးကြခြင်းဖြစ်သည်။ မည်မျှ သတ်မှတ်ချက်ရှိသည်ဖြစ်စေ လုပ်ချင်ကြသည်။ ထို့ကြောင့် ကောင်းသောအလေ့အထများကို စွဲမြဲကြပါ။ မကောင်းသော အလေ့အထများကို ရှောင်ရှားကြပါဟု လူကြီးသူမတို့က တွင်တွင်ဆိုကြခြင်း ဖြစ်သည်။ ကနဦးကျင့်သုံးသူရော၊ ကြပ်မတ်သူပါ အရေးကြီးပါသည်။ လွယ်လွယ်မကျင့်သုံးမိအောင် များများကြပ်မတ်ဖို့ လိုပါသည်။ မှားသောအလေ့အကျင့် များများမဖြစ်မှ မှန်သောအလေ့အထကောင်းများ ဖြစ်လာမည် ဖြစ်ပါသည်။

ထို့ထက်ပို၍ အရေးကြီးသည်မှာ ဥပဒေဖြစ်ပါသည်။ ဥပဒေသည် အတိအကျလိုက်နာရမည့် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ရှောင်ရမည့်အချက်၊ ဆောင်ရမည့်အလက် ဖြစ်ပါသည်။ အများပြည်သူအကျိုးကို အကာအကွယ်အထောက်အပံ့ဖြစ်စေမည့် ထုတ်ပြန်ချက်များသာ ဖြစ်ပါသည်။ ထိုဥပဒေကို လက်တစ်လုံးခြား မလုပ်မိဖို့ လိုပါသည်။ ဥပဒေလောကတွင် ဆိုရိုးစကားရှိပါသည်။ ဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟူ၍ ဖြစ်သည်။ ယင်းကို ဥပဒေက လက်မခံပါ။ ယနေ့ကာလအထိ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ အမြောက်အမြား ရှိပါသည်။ အားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဖြစ်ပါသည်။

ထိုဥပဒေများကို တစ်သဝေမတိမ်းလိုက်နာမှသာ ဘေးကင်းရန်ကွာရှိပါမည်။ အေးငြိမ်းသာယာရှိပါမည်။ အကျိုးတရားများ တိုးပွားပါမည်။ ဥပဒေသည် ထုတ်ပြန်လိုက်သည့်နေ့မှစ၍ အာဏာသက်ဝင် အကျိုးသက်ရောက်မှု ရှိပါသည်။ မည်သည့်နေ့မှစတင်၍ အာဏာတည်သည်ဆိုပါက ဖော်ပြပါနေ့သည် အာဏာတည်သောနေ့ဖြစ်ပါသည်။

ပမာအားဖြင့် အများပြည်သူနှင့်သက်ဆိုင်သော "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ" သည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ဝင်လျက်ရှိပါသည်။ အာဏာမတည်မီ တစ်နှစ်ကြိုတင်၍ ပြည်သူကို အသိပေးကြရပါသည်။

ယခု လေးနှစ်ကျော် ငါးနှစ်ကာလသို့ ရောက်ပြီဖြစ်ပါသည်။ ဥပဒေ၏ အကျိုးသက်ရောက်မှုရှိ၊ မရှိ ဆန်းစစ်ဖို့တော့ လိုပါသည်။ အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်မှုမှကာကွယ်ဖို့ဖြစ်သည်။ သောက်သုံးခြင်း အလေ့အထ လျော့နည်းပပျောက်စေခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝရစေဖို့ ဖြစ်သည်။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးမြင့်မားစေဖို့ဖြစ်သည်။ ဥပဒေတွင် သတ်မှတ်ထားသော ပရဝဏ်၊ အဆောက်အအုံ၊ အခန်းနေရာများသည် ဆေးလိပ်သောက်သုံးခွင့်မရှိသည့် နေရာများအဖြစ် ပြဋ္ဌာန်းထားရာ တိကျစွာလိုက်နာဖို့ လိုပါသည်။

ဆေးလိပ်သောက်သုံးခြင်းသည် ကျွန်ုပ်တို့အတွက် အစဉ်အဆက် လွယ်လွယ်သုံးခဲ့သော အလေ့အထများဖြစ်ခဲ့၍ ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့်အညီ စွဲမြဲသော အလေ့အထကောင်းများကို ပြုလုပ်ကြဖို့လိုပါသည်။ ဥပဒေတွင် "ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကို စီမံထားရှိရမည်" ဟုလည်း ထည့်သွင်းပြဋ္ဌာန်းထားရာ သတ်မှတ်နေရာတွင်သာ သောက်သုံးသင့်ပါသည်။

ဆိုခဲ့ပြီး 'ရပါတယ်' ဟု အလွယ်မဆိုရအောင် ပြဋ္ဌာန်းထားသည့် ဥပဒေအား ကျူးလွန်ဖောက်ဖျက်ပါက အရေးယူပိုင်ခွင့်ရှိသည်တို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးရမည်ဖြစ်သည်။ သို့ဖြင့် စည်းကမ်းပြည့်ဝသည့် နိုင်ငံ့သားကောင်းဖြစ်စေရန် ဆိုခဲ့ပြီးသော အဆုံးအမ၊ ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံသွားကြရန် လိုအပ်ကြောင်း အသိပေးတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများအား ဗြိတိန်ဘုန်းတော်ကြီး လာရောက်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဗြိတိန်နိုင်ငံမှ ဗြိတိန်ဘုန်းတော်ကြီး Lord George Carey သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းဆောင်၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

လျှာထား အတည်ပြုပြင်ဆောင်ရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမ ဉာဏာဘိဝံသက လည်းကောင်း၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ ကလည်းကောင်း ပြန်လည်ရှင်းလင်းလျှောက်ထားကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ နိမလက အတည်ပြုချက်ရယူတော်မူပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက " ဇယန္တော ဗောဓိယာမူလေ " အစချီ ဇယမင်္ဂလာ အောင်ဂါထာ(၂) ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုအနုမောဒနာ ခေါ်ဆိုကြကာ မွန်းလွဲပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေး ဒုတိယနေ့ တစ်နေ့တာ ဆွမ်းအလှူရှင်မှာ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်သည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၁၁-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၅။ မြန်မာ့ရှုခင်း
- ၄:၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄:၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း -၅၈)**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Guide For You
- ၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့ သီချစ်သူဆီ (အပိုင်း-၂၆)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သီချင်းလက်ဆောင်
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ ခွန်အား (အပိုင်း-၁၄)**
- ၂၅။ Mini Series

## မန္တလေးကုန်စည်ဈေးနှုန်း

(၂၈-၁၁-၂၀၁၁)

| | |
|---|---|
| **ရွှေဈေး** | |
| အခေါက်ရွှေ(အဆင့်-၁) | ၇၂၅၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၂၄၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၁၀၀၀ |
| **ဆန်ဈေး (သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)** | |
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ဧရာမင်း(ဟောင်း) | ၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၃၀၀၀ |
| ရွှေသွယ် | ၁၂၀၀၀ |
| **ဆီဈေး** | |
| ပဲဆီ | ၃၀၀၀/၃၆၀၀ |
| **စက်သုံးဆီ** | |
| ရေနံစိမ်း(တစ်စည်) ၁၀၆ ဒသမ ၆၄ ဒေါ်လာ | |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၈၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀/၃၆၀၀ |

**(၀၀၂)**

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၈**

ယနေ့ည ၉ နာရီ ၃၆ မိနစ် ၅၁ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် မိုင် ၂၄၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ရွှေဂွန်း အထက ရွှေရတုပွဲတော် ကျင်းပမည်

**ရွှေဂွန်း နိုဝင်ဘာ ၂၈**

ရွှေဂွန်း အထက၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဒေါ်မိုးပုလဲစိုး (ကျောင်းအုပ်ဆရာမကြီး) ကျောင်းဖုန်း-၀၉-၄၉၇၇၂၂၀၅၊ အိမ်ဖုန်း-၀၉-၄၉၇၇၃၂၉၀၊ ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးဖိုးလုံး-ဒေါ်ကျင်လွှမ်း ဖုန်း-၀၉-၈၇၃၀၁၂၅၊ ၀၉-၅၆၆၀၆၁၃၊ ဦးတင်အေး ဖုန်း-၀၉-၅၀၈၂၀၀၉၊ ဒေါ်စောခွဲ့ ဖုန်း-၀၉ ၅၁၈၃၁၂၄၊ ၀၁-၉၀၀၀၂၄၂နှင့် ဦးမောင်ကြီး ဖုန်း-၀၁-၅၆၉၅၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၂၅၀ | ၀. ၀၃၁၉၂ |
| တရုတ် (ယွမ်) | ၆. ၃၈၇၄၀ | ၀. ၁၅၆၅၆ |
| အိန္ဒိယ (ရူပီး) | ၅၁. ၉၅၅၀ | ၀. ၀၁၉၂၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၈၇၀ | ၀. ၃၁၂၆၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၈၇၄ | ၀. ၇၆၉၉၈ |
| ဂျပန် (ယန်း) | ၇၇. ၇၃၉၀ | ၀. ၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၁. ၅၀ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၄၈၅၆ | ၁. ၃၃၅၉၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၂၆၇ | ၁. ၅၅၆၀၀ |

အင်တာနက်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

◆ရှေ့ဖုံးမှ

ထို့နောက် အစည်းအဝေးခန်းမ၌ တပ်မ၏နောက်ခံသမိုင်းနှင့် စစ်တကောင်းနယ်မြေအတွင်း လက်ရှိဆောင်ရွက်နေသော တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အမှတ်(၂၄) ခြေလျင်တပ်မမှ တာဝန်ရှိသူ အရာရှိကြီးတစ်ဦးက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိလိုသည်များကို မေးမြန်းခဲ့သည်။

ယင်းနောက် စစ်တကောင်းတပ်နယ် အရှေ့ဘင်္ဂါတပ်ရင်း၌ာနချုပ် (EBRC) အညတရသူရဲကောင်း စစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ဗိမာန်ရှေ့မြေကွက်လပ်၌ အမှတ်တရသစ်ပင် စိုက်ပျိုးပေးခဲ့သည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ကြည်းတပ် စစ်တက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ စစ်တက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းနှင့် သင်ကြားရေးနှင့်လေ့ကျင့်ရေးတို့ စီမံဆောင်ရွက်ထားရှိသည်များကို ကျောင်းအုပ်ကြီးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့သည် စစ်တက္ကသိုလ်စာသင်ဆောင်များတွင် စာပေသင်ကြားနေမှုနှင့် ကွန်ပျူတာ၊ အင်တာနက်ခန်းများ၊ စာကြည့်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များသည် ဘင်္ဂလားဒေ့ရှ်လေတပ်မှ ရဟတ်ယာဉ်များဖြင့် ရမ်ဂါမာတီ (Yangamati)ခရိုင်ရှိ ဘိုနိုဘီဟာ(Bono Bihar)ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဘိုနိုဘီဟာကျောင်းထိုင်ဆရာတော် Ven Sadhanananda Mahathero အား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရဟတ်ယာဉ်များဖြင့် Cox's Bazar မြို့သို့ ရောက်ရှိပြီး Seagull Hotel ၌ ညအိပ် ရပ်နားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် Cox's Bazar မြို့ရှိ အဂ္ဂမေဓာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး အဂ္ဂမေဓာကျောင်းဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် Cox's Bazar မြို့မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ဒါကာမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် နိုဝင်ဘာ ၂၅ ရက် ညပိုင်းတွင် ခေတ္တတည်းခိုသည့် Hotel Radisson ဧည့်ခန်း၌ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ သွားရောက်၍ အလှူငွေ ပေးအပ်လှူဒါန်းသည်။

**ရှင်းလင်း**

ရှေးဦးစွာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သမိုင်းကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း သားသမီးမြေးများ မိသားစုက ငွေကျပ် တစ်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ငွေကျပ် တစ်သိန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ငွေကျပ် တစ်သိန်း၊ Health Digest ဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး၊ ဆေး-မန်း)က ငွေကျပ် တစ်သိန်းနှင့် Ever Win Media Group မှ ဒေါက်တာတင်အောင်ခိုင်တို့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)




**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း သားသမီးမြေးများ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(သတင်းစဉ်)

# ဆီးချိုသွေးချိုအကြောင်း သိကောင်းစရာ ဆွေးနွေးပြောကြား

**မန္တလေး နိုဝင်ဘာ ၂၈**

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)၌ ကျင်းပရာ ဆီးချိုသွေးချိုအကြောင်း သိကောင်းစရာများကို ပါမောက္ခ ဒေါက်တာအောင်ကြီးနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးအောင်တို့က ပြောကြားသည်။

ထို့နောက် ဆီးချိုသွေးချိုရောဂါသည် အချင်းချင်း ကျန်းမာရေးအတွေ့အကြုံများ ဝေမျှခြင်းများပြုလုပ်ကြပြီး ဆီးချိုသွေးချိုရောဂါအကြောင်း သိလိုသည်များကို မေးမြန်းကြရာ ပါမောက္ခဒေါက်တာအောင်ကြီးနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးအောင်တို့က ပြန်လည်ဖြေကြားကြသည်။ အခမ်းအနားကျင်းပနေစဉ်နှင့် ကျင်းပပြီးချိန်တွင် ဆီးချိုသွေးချို စစ်ဆေးလိုသူများအား သွေးဖောက်ကာ သွေးချိုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့် ခါးအတိုင်းအတာတိုင်းတာခြင်း၊ သွေးချိုရောဂါ ရှိ၊ မရှိ မသိသေးသူများအတွက် သွေးချိုဖြစ်နိုင်ခြေစိစစ်ခြင်းများ ဆောင်ရွက်ပေးကြသည်။ ဆီးချိုသွေးချိုရောဂါ၏ ကုထုံးတစ်ခုဖြစ်သော အင်ဆူလင်ကို စတင်တွေ့ရှိသူနှစ်ဦးအနက် တစ်ဦးဖြစ်သည့် ဘင်တင်းအားဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်နေ့အား ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပကြခြင်းဖြစ်သည်။ **(အောက်ပုံ)** (ဝဝ၂)



# သယ်န်းကျွန်းဈေးကြီး မကြာမီပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ဈေးဆိုင်ခန်းများ ပြန်လည်နေရာချထားပေးရန် စီစဉ်နေ

ရန်ကုန် နိုဝင်ဘာ ၂၈

**မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သော သယ်န်းကျွန်းဈေးကြီးအား အသစ်ပြန်လည်ဆောက်လုပ်လျက်ရှိရာတွင် မကြာမီကာလအတွင်း ပြန်လည်ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတင်းထုတ်ပြန်လိုက်သည်။**

ဈေးကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မူလဈေးသည်များအား ရောင်းကုန်အလိုက် ပြန်လည်နေရာချထားပေးနိုင်ရန် ဈေးသာယာရေးအဖွဲ့၊ ဈေးရုံကိုယ်စားလှယ်များအား ခေါ်ယူ၍ ရောင်းကုန်လွဲမှားမှု မရှိစေရန် ဈေးသူ၊ဈေးသားများအား အသိပေးကြေညာခဲ့ပြီး ဈေးသာယာရေးအဖွဲ့နှင့် ဈေးရုံကိုယ်စားလှယ်များ တင်ပြသော ရောင်းကုန်စာရင်းများအား ဈေးများဌာနရှိ မူလရောင်းကုန်စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးကာ ဆိုင်ခန်းနေရာများ ပြန်လည်နေရာချထားရန် စီစဉ်ဆောင်ရွက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနအနေဖြင့် မီးသင့်လောင်ခဲ့သော ယခင်ဆိုင်ခန်းအကျယ်အဝန်းများအတိုင်း ဆိုင်ခန်းပိုင်ရှင်များအား ပြန်လည်နေရာချထားပေးမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ဈေးများဌာနအနေဖြင့် ရောင်းကုန်အလိုက် အထပ်လွှာများ ခွဲဝေနေရာချထားရာတွင် မြေညီထပ်တွင် ရွှေ၊ ဆေး၊ အလှကုန်၊ အထည်၊ ကုန်မျိုးစုံနှင့် မြေအောက်ထပ်တွင် ကုန်မာ၊ စား/သောက်၊ ကုန်စိမ်း၊ ကုန်ခြောက်၊သား/ငါး ဆိုင်ခန်းများအား နေရာချထားပေးမည်ဟု သိရှိရသည်။ ဈေးသည် ၇၈၆ ဦးအနက် ဈေးသည် ၃၉ ဦးမှာရောင်းကုန် လွဲမှား၍ ပြန်လည်ပြင်ဆင်ပေးရန် ဌာနသို့ တင်ပြမှုများရှိခဲ့ကြောင်း သိရသည်။

မူလက ဈေးသည် ၇၈၆ ခန်းအား မြေညီထပ်တွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း သယ်န်းကျွန်းဈေးကြီး ပြန်လည်တည်ဆောက်မှုတွင် မူလရှိမြေဧရိယာ ၆၄၁၇၁ စတုရန်းပေပေါ်တွင် ဧရိယာ ၄၇၀၄၇ စတုရန်းပေသော တည်ဆောက်ခဲ့ခြင်း၊ ဈေးသစ်အဆောက်အအုံတွင် ဓာတ်လှေကားခွင်၊ အရေးပေါ် ဝင်ထွက်ပေါက်များနှင့် နှစ်ပေပတ်လည် တိုင်အလုံးပေါင်း ၁၁၈ လုံး ပါဝင်ခြင်းတို့ကြောင့် ဆိုင်ခန်းများပြန်လည် နေရာချထားရာတွင် မြေညီထပ်နှင့် မြေအောက်ထပ် နှစ်ထပ်အား အသုံးပြုခဲ့ရခြင်းဖြစ်ကြောင်း ဈေးများဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သယ်န်းကျွန်းဈေးကြီးသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ည ၇း၁၅ နာရီအချိန်ခန့်တွင် မီးသင့်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဈေး၏မူလဆိုင်ခန်းအရေအတွက်မှာ ၇၈၆ ခန်းရှိသည်ဟု သိရသည်။ ဆုံးရှုံးမှုများသော ဈေးကြီးများ၏ မီးလောင်မှုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်နှစ်နီးပါးခန့်အကြာတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဈေးကြီးမီးလောင်မှုကြောင့် ၂၀၁၀ ပြည့်နှစ် ဇွန် ၅ ရက်နေ့တွင် ကျိုက္ကဆံဘုရားဝင်း ယာယီဈေးတွင် နေရာချထားပေးခဲ့ပြီး အောင်ကောင်းကျော်ကုမ္ပဏီနှင့် အဆင့်မြင့်ဈေးကြီး၊ မြေအောက်ထပ်ပါ အထပ် ငါးထပ် ဆောက်လုပ်ခဲ့သည်။ ဈေးကြီးမီးလောင်မှုကြောင့် ဈေးသည်များ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့ရပြီး ဈေးသည်အများစု ယာယီဈေးတွင် သွားရောက်ဖွင့်လှစ်မှု မရှိကြဘဲ နီးစပ်ရာတွင် အဆင်ပြေသလို ဖွင့်လှစ်ရောင်းချမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (ဝဝ၁)

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ်ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# ရိုင်ယန်ရေနိုးလ်၏ Safe House ဇာတ်ကား မကြာမီရှုစားကြရမည်

သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားများကို နှစ်သက်သဘောကျသူများအတွက် နာမည်ကျော် ဟောလိဝုဒ်မင်းသား ရိုင်ယန်ရေနိုးလ် **(ယာပုံ)** အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် Safe House အက်ရှင်ဇာတ်ကား မကြာမီ ဖြန့်ချိပြသတော့မည်ဖြစ်သည်။

အမျိုးသမီးပရိသတ်များ နှစ်သက်သဘောကျသည့် မင်းသားရိုင်ယန်ရေနိုးလ်က ၎င်း Safe House ဇာတ်ကားတွင် စီအိုင်အေထောက်လှမ်းရေးအရာရှိ မတ်ဝပ်စတန်အဖြစ် သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားတွင် သည်းထိတ်ရင်ဖို စတန့်ပြကွက် အများအပြားကိုလည်း ထည့်သွင်းရိုက်ကူးထားကြောင်း သိရသည်။



**အေ ဝမ်း စိုး**

Just Friends, Definitely, Maybe, The Proposal, X-Men Origins: Wolverine, Green Lanterm စသည့် ဇာတ်ကားများဖြင့် နာမည်ကျော် လူကြိုက်များခဲ့သည့် ကနေဒါမင်းသား ရိုင်ယန်ရေနိုးလ်သည် ကနေဒါအဆိုတော် Alanis Morissette နှင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ဖူးစာဆုံခဲ့သကဲ့သို့ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ဟောလိဝုဒ်နာမည်ကျော်မင်းသမီး စကားလက်ဂျိုဟန်ဆန်နှင့်လည်း ပေါင်းဖက်ခဲ့ဖူးသည်။

ရေနိုးလ်သည် ပီးပဲလ်မဂ္ဂဇင်းက ရွေးချယ်ခဲ့သည့် ဆွဲဆောင်မှုအရှိဆုံး အမျိုးသားများစာရင်း၌ ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် နံပါတ်တစ်နေရာ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ ***အင်တာနက်။***

**မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျွန်းသာယာခန်းမ၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီး ၉၆ ဦးတို့အား ကန်တော့ချီးဖြင့် ကန်တော့ကြစဉ်။**

(ကြေးမုံ)





ခုခံအားကျဆင်းမှုရောဂါပိုး ကူးစက်ခံထားရသည့် မိခင်များနှင့် ၎င်းတို့၏ ရင်သွေးများ မှီခိုနေရသော ယူဂန္ဓာနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုစခန်းတစ်ခုကို တွေ့ရစဉ်။

## ပြည်တွင်း၌ မွေးထုတ်ထားရသော ဆေးပညာရှင်များ ပြည်ပထွက်အလုပ်ရှာမှုကြောင့် အာဖရိကတိုက်နိုင်ငံများ စီးပွားရေးအရ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ဆုံးရှုံးရဟုဆို

လန်ဒန် နိုဝင်ဘာ ၂၈

**ပြည်တွင်း၌ ပျိုးထောင်ပေးခဲ့ရသော်လည်း ဇာတိမြေကို စွန့်ခွာ၍ ချမ်းသာကြွယ်ဝသော ပြည်ပနိုင်ငံများသို့ ထွက်၍ အလုပ်ရှာကြသည့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများကြောင့် အာဖရိကတိုက် ဆာဟာရဒေသတွင်း နိုင်ငံများသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ဆုံးရှုံးနစ်နာခဲ့ရကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။**

အာဖရိကတိုက် ဆာဟာရဒေသတွင်း နိုင်ငံများသည် ပြည်တွင်း၌ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးနိုင်ရေးအတွက် ငွေကြေးအရ ရင်းနှီးမြှုပ်နှံထားရကြောင်း သိရသည်။

ဆရာဝန်များ ပြည်ပထွက်အလုပ်ရှာကြခြင်းကြောင့် တောင်အာဖရိကနိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံများသည် စီးပွားရေးအရ ထိခိုက်နစ်နာမှုအများဆုံးဖြစ်ကြောင်း ကနေဒါသိပ္ပံပညာရှင်များပြုစုခဲ့သည့် လေ့လာချက်၌ တင်ပြထားသည်။

သို့ရာတွင် ဩစတြေးလျ၊ ကနေဒါ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပြည်ပ၌ လေ့ကျင့်မှုနှင့် အတွေ့အကြုံများရရှိထားပြီးဖြစ်သည့် ဆရာဝန်များ၊ ဆေးပညာရှင်များ ရွှေ့ပြောင်းဝင်ရောက်လာမှုကြောင့် အကျိုးကျေးဇူးခံစားနေရကြောင်း ကနေဒါသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

### မှီခိုနေရ

ချမ်းသာကြွယ်ဝသော ဖွံ့ဖြိုးပြီးနိုင်ငံအများစုသည် ပြည်တွင်း၌ ဆေးပညာရှင်များ လောက်လောက်ငငမရှိသည့် ပြဿနာအား ဖြေရှင်းနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်လာသော ဆေးပညာရှင်များကို မှီခိုနေရကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများက ဆေးပညာရှင်များ မွေးထုတ်ပေးနေရသည့် အနေအထားဖြစ်ကြောင်း ဆေးပညာရှင်များဇာတိစွန့်ခွာမှုနှင့် ပတ်သက်၍ ကနေဒါသိပ္ပံပညာရှင်များ၏ လေ့လာချက်၌ ဖော်ပြထားသည်။

### ဟာကွက်ပေါ်နိုင်

လေ့ကျင့်သားဝပြီးဖြစ်သည့် ဆေးပညာရှင်များ ပြည်ပထွက်ခွာမှုကြောင့် ခုခံအားကျဆင်းမှုရောဂါ၊ အဆုတ်နာရောဂါနှင့် ငှက်ဖျားရောဂါကဲ့သို့ ကူးစက်ရောဂါများနှင့် ရင်ဆိုင်နေရသည့် ဝင်ငွေနိမ့်နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၌ ဟာကွက်များပေါ်ပေါက်လာနိုင်ကြောင်း ကနေဒါသိပ္ပံပညာရှင်များက သတိပေးထားသည်။ **အင်တာနက်။**

## ရွေးကောက်ပွဲတွင် ဝင်မစွက်ဖက်ရန် အနောက်အုပ်စုကို ပူတင်သတိပေး

**မော်စကို နိုဝင်ဘာ ၂၈**

ရုရှားသမ္မတအဖြစ် သမိုင်းဝင် သုံးကြိမ်မြောက်သက်တမ်းအတွက် ဝင်ရောက်အရွေးခံရန် တရားဝင်သဘောတူညီပြီးသည့်နောက် လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန် အနောက်အုပ်စုနိုင်ငံများကို ဝန်ကြီးချုပ် ဗလာဒီမာပူတင်က နိုဝင်ဘာ ၂၇ ရက်တွင် သတိပေးလိုက်သည်။

၂၀၁၂ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲမတိုင်မီ ကျင်းပမည့် ယခုနှစ် ဒီဇင်ဘာ ၄ ရက် ပါလီမန်ရွေးကောက်ပွဲအကြိုကာလ မိန့်ခွန်းတစ်ရပ်တွင် ရွေးကောက်ပွဲအပေါ် စွက်ဖက်ရန် အနောက်အုပ်စု၏ ကြိုးပမ်းမှုများသည် အချည်းနှီးသာဖြစ်မည်ဟု ပူတင်က ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံ ရွေးကောက်ပွဲအတွက် မဲဆွယ်လှုပ်ရှားမှုများအပေါ် ဩဇာအာဏာသက်ရောက်ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများသည် ရုရှားနိုင်ငံအတွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်း(အန်ဂျီအို)များကို အထောက်အပံ့များပေးနေကြောင်း ၎င်း၏ အာဏာရ ယူနိုက်တက်ရုရှားပါတီညီလာခံတွင် ပူတင်က ပြောကြားခဲ့သည်။

သစ္စာဖောက်များသည် ရုရှားပြည်သူလူထုအတွင်း၌ ရှိသေလေးစားထိုက်သူများ မဟုတ်ကြောင်း ပထမအချက်အနေဖြင့် ၎င်းက ပြောကြားခဲ့သည်။ ဒုတိယအချက်မှာ အနောက်အုပ်စုသည် အကျိုးမရှိ၊ ငွေကြေးကုန်ကျသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခြင်းအား ရပ်ဆိုင်းပြီး နိုင်ငံ့ကြွေးမြီများကို ပေးဆပ်ခဲ့လျှင် ပိုမိုသင့်လျော် ကောင်းမွန်မည်ဟူ၍ ဖြစ်သည်။

### သတိပေးခြင်းဖြစ်

လာမည့်နှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ အာဏာရပါတီ၏ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရန် တရားဝင်သဘောတူညီခဲ့ကြပြီးနောက် ပူတင်က အထက်ပါအတိုင်း အနောက်အုပ်စုကို သတိပေးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် သမ္မတရွေးချယ်ပွဲတွင် အနိုင်ရရှိရန် သေချာလျက်ရှိသည်။

ယူနိုက်တက်ရုရှားပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် ဝန်ကြီးချုပ် ဗလာဒီမာပူတင်အား ထောက်ခံမဲ ၆၁၄ မဲ၊ ကန့်ကွက်မဲမရှိဖြင့် ရွေးချယ်ခဲ့ခြင်းကို နိုင်ငံပိုင်ရုပ်သံလိုင်းမှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့သည်။ **အင်တာနက်။**



နေတိုးအဖွဲ့၏ ဒုံးကျည်အန္တရာယ်ကာကွယ်ရေး ကြိုတင်အချက်ပေး ရေဒါစနစ်တစ်ရပ်အား တွေ့ရစဉ်။

## တူရကီရှိ နေတိုးအဖွဲ့၏ ဒုံးကျည်ကာကွယ်ရေးစနစ်အခြေစိုက်စခန်းကို ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာသစ်အရ ပစ်မှတ်အဖြစ် အီရန်သတ်မှတ်

တီဟီရန် နိုဝင်ဘာ ၂၈

**အမေရိကန်ပြည်ထောင်စု သို့မဟုတ် အစ္စရေးနိုင်ငံက အီရန်ကို တိုက်ခိုက်လာပါက မိမိတို့အနေဖြင့် တူရကီနိုင်ငံရှိ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ဒုံးကျည်ကာကွယ်ရေးစနစ် အခြေစိုက်စခန်းများအား တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ထိပ်တန်းတပ်မှူးတစ်ဦးက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။**

အစ္စရေးနှင့် အမေရိကန်နိုင်ငံများက အီရန်နိုင်ငံအား ပိုမိုခြိမ်းခြောက်လာသည်နှင့်အမျှ တူရကီနိုင်ငံရှိ နေတိုးအဖွဲ့ဒုံးကျည်ကာကွယ်ရေးစနစ် အခြေစိုက်စခန်းများသည် မိမိတို့၏ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာသစ်၏ ပစ်မှတ်များထဲ၌ ပါဝင်လာကြောင်း တော်လှန်ရေးအစောင့်တပ်ဖွဲ့ ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး အမ်မာအလီဟာဂျီဇာဒါးက ပြောကြားခဲ့သည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ အစီရင်ခံစာတစ်ရပ်ကို ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် အီရန်နှင့် အနောက်အုပ်စုနိုင်ငံများအကြား ဆက်ဆံရေးမှာ တဖြည်းဖြည်းတင်းမာလာလျက်ရှိသည်။

နျူကလီးယားလက်နက်များ တည်ဆောက်ထုတ်လုပ်ရန် လျှို့ဝှက်စမ်းသပ်ချက်များကို အီရန်က လုပ်ဆောင်ခဲ့ကြောင်း သံသယရှိရသည်ဟု အိုင်အေအီးအေ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ တည်ဆောက်ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း အမေရိကန် ပြည်ထောင်စုနှင့် ၎င်း၏ အနောက်အုပ်စုမဟာမိတ်နိုင်ငံများက ယူဆထားကြသည်။ အီရန်နိုင်ငံကို လတ်တလောအန္တရာယ်အဖြစ် ရှုမြင်ထားသော အစ္စရေးနိုင်ငံသည် အီရန်၏ နျူကလီးယားအစီအစဉ်များအား ဟန့်တားရန်အတွက် စစ်ရေးနည်းလမ်းကို အသုံးပြုရဖွယ်ရှိကြောင်း သတိပေးထားပြီးဖြစ်သည်။

အစ္စရေးနှင့် အီရန်အကြား စစ်ပွဲဖြစ်ပွားခဲ့ပါက အီရန်ဒုံးကျည်များအန္တရာယ်မှ အစ္စရေးကို အကာအကွယ်ပေးနိုင်ရန် နေတိုးအဖွဲ့က ကြိုတင်သတိပေးရေဒါစနစ်အား တူရကီနိုင်ငံ၌ အခြေစိုက်ထားရှိခဲ့ခြင်းဖြစ်ကြောင်း အီရန်ကပြောကြားခဲ့သည်။**အင်တာနက်။**

## ရူပီးငွေတန်ဖိုး သိသိသာသာကျဆင်းမှု အိန္ဒိယစီးပွားရေးအပေါ် အကျိုးသက်ရောက်

**နယူးဒေလီ နိုဝင်ဘာ ၂၈**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ရူပီးငွေတန်ဖိုး သိသိသာသာကျဆင်းမှု၏ အကျိုးဆက်များနှင့် ရင်ဆိုင်နေရကြောင်း စီးပွားရေးဆန်းစစ်သူများက နိုဝင်ဘာ ၂၈ရက်တွင် ပြောကြားကြသည်။

ဩဂုတ်လနောက်ပိုင်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရူပီးငွေတန်ဖိုး သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း၊ ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၅၂ ဒသမ ၂၁ ရူပီးအထိ ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ရူပီးငွေတန်ဖိုး ကျဆင်းခြင်းကြောင့် အိန္ဒိယစီးပွားရေးတွင် ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံရေးအစီအစဉ်များကို ပြန်လည်ရုပ်သိမ်းလိုက်ကြဖွယ်ရှိသည်။လွန်ခဲ့သည့် သုံးလကမူ ငွေကြေးပေါက်ဈေးမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၄၅ ဒသမ ၇၉ ရူပီး ဖြစ်ခဲ့သည်။ ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ဇွန်လနောက်ပိုင်းမှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားခဲ့သည်။

ရူပီးငွေတန်ဖိုး ကျဆင်းမှုကြောင့် လာမည့်ရက်များ အတွင်း ငွေဖောင်းပွမှုပိုမိုဆိုးရွားလာနိုင်ပြီး အစိုးရ၏ ဘတ်ဂျက် လိုငွေပြမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားသည်။ **အင်တာနက်။**



## ဝေလဘောလုံးအသင်းမန်နေဂျာ ဂါရီစပိဒ်သေဆုံးမှု ဗြိတိန်ဘောလုံးလောကတုန်လှုပ်ခဲ့ရ

**လန်ဒန် နိုဝင်ဘာ ၂၈**

ဝေလဘောလုံးအသင်းမန်နေဂျာ ဂါရီစပိဒ်ကို ၎င်း၏နေအိမ်အတွင်း ကြိုးဆွဲချလျက်အနေအထားဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့ရာ ဗြိတိသျှ ဘောလုံးလောကအတွင်း တုန်လှုပ်ခဲ့ရကြောင်း နိုဝင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

ဂါရီစပိဒ်သေဆုံးနေသည့် နေရာဝန်းကျင်၌ ရှုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည့် သံသယရှိဖွယ်အခြေအနေမျိုး မတွေ့ရှိရကြောင်း ချက်ရှိုင်းယားခရိုင်ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာ စပိဒ်သေဆုံးမှုမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့သည့် လက္ခဏာအဖြစ် ယူဆနိုင်သည်။

ချက်ရှိုင်းယားခရိုင်ရဲတပ်ဖွဲ့နှင့်နီးစပ်သော သတင်းအရင်းအမြစ်များက ဂါရီစပိဒ်သည် ကိုယ့်ကိုယ်ကိုယ် လည်ပင်းကြိုးကွင်းစွပ်အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ဂါရီစပိဒ်သည် ဝေလအမျိုးသားဘောလုံးအသင်းအတွက် ပွဲစဉ် ၈၅ ပွဲ ပါဝင်ကစားခဲ့ပြီး လိဒ်ယူနိုက်တက်အသင်းနှင့်အတူ အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် လိဂ်ဖလား(ကားလင်းဖလား) ရယူဆွတ်ခူးနိုင်ခဲ့သော ဘောလုံးသမားဟောင်းတစ်ဦးဖြစ်သည်။

စပိဒ်သည် လွန်ခဲ့သောနှစ်တွင် ဝေလအမျိုးသားဘောလုံးအသင်း၏ မန်နေဂျာအဖြစ် စတင်တာဝန်ယူခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ နိုင်ငံတကာပြိုင်ပွဲများ၌ ရလဒ်များဆိုးရွားခဲ့ရသော ဝေလအသင်းကို ခြေစွမ်းတက်လာစေရန် လုပ်ဆောင်နိုင်မှုကြောင့် ချီးကျူးခံခဲ့ရသူဖြစ်သည်။ ဗြိတိန်ဘုရင်မကြီး၏ ဗြိတိသျှအင်ပါယာဘွဲ့ ချီးမြှင့်ခံခဲ့ရသော ဂါရီစပိဒ်သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံးလောက ကသာမက ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း ကြေကွဲဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။ **အင်တာနက်။**



ကျူးဘားသိပ္ပံပညာရှင်များ ဖော်ထုတ်ခဲ့သော အဆုတ်ကင်ဆာရောဂါကာကွယ်ဆေး Cimavax-EGF

## ကျူးဘားသိပ္ပံပညာရှင်များ၏ ကင်ဆာကာကွယ်ဆေးကုထုံး ဗြိတိန်၌ စမ်းသပ်စစ်ဆေးမည်

**လန်ဒန် နိုဝင်ဘာ ၂၈**

ကျူးဘားသိပ္ပံပညာရှင်များ ဖန်တီးထုတ်လုပ်ခဲ့သည့် Cimavax-EGF အမည်ရှိ ဖြစ်ပွားစ အဆုတ်ကင်ဆာရောဂါ ကာကွယ်ရေးကုထုံးကို ဗြိတိန်နိုင်ငံက လာမည့်ရက်သတ္တပတ်များအတွင်း အရည်အသွေးစစ်ဆေးစမ်းသပ်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။ Cimavax-EGF အဆုတ်ကင်ဆာကာကွယ်ဆေးကို ကျူးဘားနိုင်ငံ၏ မော်လီကျူးခုခံအားဗေဒဌာနမှ သိပ္ပံပညာရှင်များက ဖန်တီးခဲ့ခြင်းဖြစ်သည်။ ရောဂါဘယ ကာကွယ်ဆေးများအား တစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံစုံ၌ ဆေးဝါးအရည်အသွေးစစ်ဆေးမှုဆိုင်ရာ သဘောတူညီချက်အရ ဗြိတိန်တာဝန်ရှိသူများက Cimavax- EGF ကာကွယ်ဆေးကို စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ရန် သဘောတူခွင့်ပြုခဲ့သည်။

Cimavax-EGF အဆုတ်ကင်ဆာကာကွယ်ဆေးကို ဩစတြေးလျ၊ ထိုင်းနှင့် မလေးရှားအစရှိသော နိုင်ငံများ၌ပါ ဆေးဝါးအရည်အသွေးစစ်ဆေးစမ်းသပ်ရန် စီစဉ်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ကျူးဘားဆေးပညာရှင်များ၏ အဆိုအရ Cimavax- EGF ကာကွယ်ဆေးသည် ရင့်မာနေပြီဖြစ်သည့် အဆုတ်ကင်ဆာရောဂါအား တားဆီးနိုင်မည်မဟုတ်သော်လည်း ဖြစ်ပွားခါစ အဆုတ်ကင်ဆာရောဂါများကို ထိန်းချုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆဲလ်များ ထိန်းမရသိမ်းမရ ပွားများရသည့်ဖြစ်စဉ်၏ လက်သည်ဖြစ်သော ပရိုတိန်းများကို တားဆီးပေးနိုင်သည့် ပဋိပစ္စည်းများထုတ်ပေးခြင်းဖြင့် Cimavax-EGF ကာကွယ်ဆေးသည် ဖြစ်ပွားစ အဆုတ်ကင်ဆာရောဂါအား ထိန်းချုပ်နိုင်ကြောင်း ကျူးဘားသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

Cimavax-EGF သည် ဖြစ်ပွားစအဆုတ်ကင်ဆာကို တားဆီးပေးမည့် ကမ္ဘာပေါ်၌ ပထမဆုံးသော ကာကွယ်ဆေးကုထုံးဖြစ်ကြောင်း ကျူးဘားသတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။ **အင်တာနက်။**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော်　　နိုဝင်ဘာ　　၂၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သော ခုံရုံးသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ(၂၃)ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဆင့် သတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆုံးဖြတ်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၅(ဃ)အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းလာသည့် တင်သွင်းလွှာ အမှတ်(၂/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် ခုံရုံး ရုံးခန်းအမှတ်(၁)၌ ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

**နေပြည်တော်　　နိုဝင်ဘာ　　၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေးနှင့် ဦးမြင့်အောင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၁၀)မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် တရားမအထူးအယူခံမှု (၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Gunilla Carlsson လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ပြည်ပကုမ္ပဏီများ မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စား စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံ Knowledge Economy ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Jaedo Moon ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒများနှင့်အညီ ကိုရီးယားနိုင်ငံ ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်ရန် ပိုမိုစိတ်ဝင်စားလာသဖြင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လုပ်ကိုင်ခွင့်ရရှိရေး၊ နည်းပညာပံ့ပိုးမှုအဖြစ် ကိုရီးယားနိုင်ငံအကူအညီဖြင့် မြန်မာနိုင်ငံမှ သင်တန်းသားများအား ကိုရီးယားနိုင်ငံ နည်းပညာတက္ကသိုလ်များသို့ ခေါ်ယူတက်ရောက်ခွင့် ရရှိရေး၊ OJT training များ ပေးအပ်နိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံမှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံအထွက်တိုး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော GOLDPETROL ကုမ္ပဏီမှ ဌာနေမန်နေဂျာ Mr. Sugi Handoko နှင့်အဖွဲ့က လာရောက်တွေ့ဆုံပြီး ရေနံချောင်းရေနံမြေ၌ ပေနက်ရေနံတွင်းများ တူးဖော်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး လုပ်ငန်းအစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လုပ်ကိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ရေနံမြေများ၏ Deeper Reserves များကို ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် GOLD-PETROL ၏ တင်ပြလာသည့် အစီအစဉ်များကို ကြိုဆိုပါကြောင်းနှင့် သတ်မှတ် အချိန်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်စေလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဆွီဒင်ဝန်ကြီး လာရောက်တွေ့ဆုံ နှစ်နိုင်ငံကြားဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်　　နိုဝင်ဘာ　　၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Gunilla Carlsson သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု အခြေအနေများ၊ လူသားချင်းစာနာမှု အထောက်အပံ့ဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လူ့အခွင့်အရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာ-ဆွီဒင်နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)





## ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြင်သစ်နိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော်　　နိုဝင်ဘာ　　၂၈**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြင်သစ်နိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ သံအမတ်ကြီး H.E. Mr. Franois ZIMERAY နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Thierry MATHOU တို့သည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

**ရန်ကုန်　နိုဝင်ဘာ　၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂီတအစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ဦးတင်ဦးလေးက မြန်မာနိုင်ငံဂီတအစည်းအရုံး၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးအောင်တင့်(ဂီတာအောင်တင့်)၊ အတွင်းရေးမှူး ဦးခင်မောင်လှ[ကိုလတ်(တယော)] တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပခုက္ကူခရိုင် ရေဘေးသင့်ပြည်သူများသို့ ငါးခြောက်များ ပေးအပ်လှူဒါန်း

**နေပြည်တော်　　နိုဝင်ဘာ　　၂၈**

ပခုက္ကူခရိုင် ရေဘေးသင့်ပြည်သူများအတွက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် ဇနီးက ဘီလားခြောက်ပိဿာ ၁၀၀၊ ဦးသန်းထွန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)နှင့် ဦးမျိုးနိုင်တို့က အာပြခြောက် ပိဿာ ၁၀၀၊ ဦးမျိုးအောင် (ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး)က ဘီလားခြောက် ပိဿာ ၁၀၀၊ ဦးမောင်မောင်အောင် (ရေလုပ်ငန်းရှင်)က ဘီလားခြောက် ပိဿာ ၃၀၀၊ ဦးငြိမ်းမြိုင်နှင့် အလှူရှင်တစ်ဦးတို့က ဘူးခြောက် ပိဿာ ၁၀၀၊ ဦးသံချောင်း (သံတွဲခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး)က ဘီလားခြောက် ပိဿာ ၁၀၀၊ စုစုပေါင်း ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ငါးခြောက် ပိဿာ ၈၀၀၊ U.P.G ကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ တီရှပ်အင်္ကျီ၊ ဦးထုပ်နှင့် ခရီးဆောင်အိတ်များ လှူဒါန်းပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ရေဘေးကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကော်မတီဝင် ဦးမောင်မောင်စိုးဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အလက(၁)ကမာရွတ် (သားရေရုံကျောင်း) ကျောင်းသားဟောင်းများ တွေ့ဆုံမည်

**ရန်ကုန်　　နိုဝင်ဘာ　　၂၈**

အလက(၁)ကမာရွတ် (သားရေရုံကျောင်း) တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပရေးအတွက် ဒီဇင်ဘာ ၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း (သရက်တော ၂ လမ်းထိပ်) အမှတ် (၄၁၉)နေ မသီတာ၏အိမ်၌ ကျောင်းသားဟောင်းများ တွေ့ဆုံမည်ဖြစ်၍ ကြွရောက်ကြပါရန် ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့က ဖိတ်ခေါ်ထားကြောင်း သိရသည်။

(ကြေးမုံ)



**နိုဝင်ဘာ ၁၅ ရက်က မူခင်းကျဆင်းရေး၊ ယာဉ်တိုက်မှု လျော့နည်းရေးနှင့် မူးယစ်တိုက်ဖျက်ရေး ဟောပြောပွဲကို ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်၌ ကျင်းပရာ ဒုတိယရဲမှူးကြီးလွင်ဟောပြောစဉ်။** (မြို့နယ်ပြန်/ဆက်)

**မီးမရှိသေ သုံးစွဲလေက မွဲတေဆင်းရဲရပေမည်**

# မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေး၏ အခန်းကဏ္ဍ

မြန်မာ့တိုင်းရင်းဆေးပညာသည် လူသားတိုင်း၏ ကျန်းမာရေး၊ အသက်ရှည်ရေးတို့ကို အကျိုးပြုခဲ့သည်။ မြတ်စွာဘုရားရှင်လက်ထက် သမားတော်ကြီး ဇီဝကသည် လောက၌ ဆေးဖက်မဝင်သော အပင်ဟူ၍မရှိဟု ဥဒါန်းကျူးရင့်၍ ဆေးဖက်ဝင်အပင်များကို အသုံးပြုကာ တိုင်းရင်းဆေးဖြင့် ကုသလာ၏။ သမားတော်ကြီးဇီဝက၏ ဆေးဝါးများကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဘုဉ်းပေးသုံးဆောင်တော်မူသည်ကို ဝိနိယပိဋကစာပေများတွင် ပါရှိ၏။

ရဟန်းသံဃာတော်များ၊ ဘုရင်နှင့် ဝန်ကြီးများ၊ ပြည်သူပြည်သားများသည် သမားတော်ကြီး ဇီဝက၏ တိုင်းရင်းဆေးများဖြင့်သာ အသက်ရှည်၍ အနာကင်းခဲ့ကြကုန်၏။

ဤသို့ ရှည်လျားခိုင်မာသော တိုင်းရင်းဆေးသည် မြန်မာတို့၏ ကျန်းမာရေးသမိုင်းစဉ်တစ်လျှောက်တွင် မြန်မာလူမျိုးတို့၏ ရေမြေသဘာဝ၊ ဓလေ့၊ စရိုက်၊ ထုံးတမ်းစဉ်လာ၊ အတွေးအခေါ် အယူအဆတို့ဖြင့် ယှက်နွယ်ပေါက်ဖွားရှင်သန်ကာ သီးသီးသန့်သန့် ဖြစ်ထွန်းတည်ရှိနေသည်မှာ ထင်ရှားသည်။

သို့ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ အမရပူရ၊ ရတနာပုံခေတ် စသည့် မြန်မာဘုရင်များလက်ထက်တွင် တော်ဝင်ဆေးပညာအဖြစ် ချီးမြှင့်မြှောက်စားခံခဲ့ရသော အမျိုးသားဆေးပညာလည်း ဖြစ်ပေသည်။ ထိုကဲ့သို့ ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ကာကွယ်ကုသလာသည်။ လက်တွေ့ကုထုံးများကို ပေ၊ ပုရပိုက်၊ စက္ကူစာရွက်များတွင် ရှေးသမားတော်တို့က မှတ်တမ်းတင်ထားခဲ့ကြသည်။

မြန်မာ့ရေမြေသဘာဝနှင့် နီးစပ်သည့် ပြည်ပနိုင်ငံအချို့တွင် ဆေးပညာရှင်များသည် မိမိတို့၏ တိုင်းရင်းဆေး သဘာဝဆေးပညာကိုပါ ပူးတွဲလေ့လာကာ ကုသမှုများ ပြုလုပ်လာကြသည်ကို လေ့လာတွေ့ရှိနေရပါသည်။ ပေါင်းကူးဆေးပညာ (Alternative Medicine) ဖော်ထုတ်၍ ရိုးရာတိုင်းရင်းဆေးများ (Traditional Medicine) နှင့် သဘာဝဆေးပင်များမှ ထုတ်လုပ်သောဆေးများ (Herbal Medicine)တို့ကို ရှာဖွေဖော်ထုတ်သောဆေးများဖြင့် ကုသလာနေကြသည်ကို တွေ့ရှိရပေသည်။

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဟူသော ဆိုစကားအရ သဘာဝပေါက်ရောက်သောအပင်များမှ ထုတ်ယူဖော်စပ်ရသောဆေးများသည် သိပ္ပံနည်းကျဖော်စပ်ရသောဆေးများထက် ဓာတ်မတည့်ခြင်းဖြစ်မှု နည်းပါးပြီး ဘေးထွက်ဆိုးကျိုးမှ သက်သာစေသည်။ ဤအချက်များကြောင့် သဘာဝအပင်များဖြင့်ဖော်စပ်ရသော တိုင်းရင်းဆေးကို အားထားသုံးစွဲမှုများလာခြင်းပင် ဖြစ်လေသည်။

ဤခေတ်အခါသမယတွင် ကမ္ဘာပေါ်၌ လူတို့၏ နေထိုင်စားသောက်မှု ပြောင်းလဲလာသည်နှင့်အမျှ ရောဂါအသစ်အဆန်းများလည်း တိုးပွားလာလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးကျမ်းများမှ ကုထုံးကုနည်းများဖြင့် အကျိုးဖြစ်ထွန်းအောင် ဖော်ထုတ်လျက်ရှိကြသည်။ ရောဂါများ သက်သာပျောက်ကင်းစေရန် ကာကွယ်ပေးလျက်ရှိသည်။

တိုင်းရင်းဆေးဆရာဂိုဏ်းဂဏအသီးသီးကို တစုတစည်းတည်း ညီညွတ်စွာဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကို ရည်ရွယ်ချက်နှစ်ခုဖြင့် ဖွဲ့စည်းခဲ့သည်။ ပထမရည်ရွယ်ချက်မှာ တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

## ဦးဖြေ(ဒေဝယက္ခ)တိုင်းရင်းဆေးဗဟို

ဒုတိယရည်ရွယ်ချက်မှာ ပြည်သူ၏ကျန်းမာရေးကို စောင့်ရှောက်ရန်ဖြစ်သည်။ ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးဆရာအသင်း အဆင့်ဆင့် (Myanmar Traditional Medicine Practitioners Association)ကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်၍ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းရင်းဆေးဆရာအသင်းဝင် ဆရာကြီးတို့၏ ဆန္ဒဖြင့် တစ်ဖွဲ့တစ်စည်းတည်းဖြစ်အောင်ဖွဲ့ပေးခဲ့ပြီး ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးဆရာအသင်း အဖွဲ့အစည်းအသီးသီးကို တညီတညွတ်တည်း မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားပြီးဖြစ်သော်လည်း အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံအချို့တွင် တိုင်းရင်းဆေးဆရာအသင်း ဖွဲ့စည်းထားခြင်းမရှိသေးကြောင်းကို လေ့လာရပါသည်။ ထိုသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီး ပေါ်ပေါက်ခဲ့သည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးဆရာအသင်းရုံးကြီး လိုအပ်လာသည့်အလျောက် တိုင်းရင်းဆေးဆရာများ၊ စေတနာရှင် အလှူရှင်များ၏ ကောင်းမှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ ဗဟိုရုံးကြီးကိုလည်း နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တည်ဆောက်ထားပြီးဖြစ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနကို အဆင့်တိုးမြှင့်တင်ခဲ့ပြီး ရန်ကုန်နှင့် မန္တလေးမြို့များ၌ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် (၁၆)ခုတင်ဆံ့ဆေးရုံများဖွင့်လှစ်ခြင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တိုင်းရင်းဆေးကုဌာနများကို တစ်ပြည်လုံးအတိုင်းအတာအရ ဆေးကုဌာနပေါင်း ၂၃၇ ခုကျော်ဖွင့်လှစ်ပေးခဲ့ခြင်း စသည်တို့ဆောင်ရွက်ခဲ့သည်။

### ၂၀၁၀ ခုနှစ်အတွင်း တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

| စဉ် | | ၁၉၈၈ ခုနှစ် မတိုင်မီ | ၁၉၈၈ ခုနှစ် နောက်ပိုင်း |
|---|---|---|---|
| ၁ | ခုတင် (၅၀)ဆံ့တိုင်းရင်းဆေးရုံ | - | (၂)ရုံ |
| ၂ | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ | (၂)ရုံ | (၁၄)ရုံ |
| ၃ | ခရိုင်တိုင်းရင်းဆေးကုဌာန | - | (၄၃)ဌာန |
| ၄ | မြို့နယ်တိုင်းရင်းဆေးကုဌာန | (၈၉)ခန်း | (၁၉၄)ခန်း |
| ၅ | တိုင်းရင်းဆေးဝါးစက်ရုံ | (၁)ရုံ | (၂)ရုံ |
| ၆ | တိုင်းရင်းဆေးဝါးဥပဒေ | - | ၁၉၉၆ ခုနှစ်တွင်ထုတ်ပြန် |
| ၇ | တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း | - | (၁၀၀၀၀)ကျော်မှတ်ပုံတင်ပြီး |
| ၈ | ပရဆေးဥယျာဉ် | (၂)ခု | (၉)ခု (၂၂၅)ဧက |
| ၉ | တိုင်းရင်းဆေးကောင်စီဥပဒေ | - | ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန် |

ထိုသို့ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာခြင်းဖြင့် တိုင်းရင်းဆေးတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးမှုကို ဝမ်းသာကြည်နူးရပေသည်။

ပြင်ပတိုင်းရင်းဆေးလောကတွင် နည်းအမျိုးမျိုးဖြင့် ဆေးကုသနေသော တိုင်းရင်းဆေးဆရာများအား (၁)နှစ်သင်တန်းဖွင့်လှစ်၍ မွမ်းမံသင်ကြားပို့ချခြင်းများနှင့် တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံချိန်စံညွှန်းနှင့်အညီဖြစ်စေရန် သုတေသနပြုဆောင်ရွက်မှုများကို အားပေးဆောင်ရွက်လျက်ရှိသည်။ အရည်အချင်းပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များပေါ်ပေါက်ရေးကို ရည်ရွယ်၍ တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် မန္တလေးမြို့၌ ဖွင့်လှစ်ခဲ့သည်။ ယခုအခါ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှ စာတွေ့(၄)နှစ်သင်တန်းနှင့် အလုပ်သင်(၁)နှစ် စုစုပေါင်း (၅)နှစ်သင်ရိုးဖြင့် B.M.T.M (Bachelor of Myanmar Traditional Medicine) ပညာရှင်များ မွေးထုတ်နိုင်ပြီဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးပညာကိုလည်း တိုးတက်စေရန် ဆောင်ရွက်သကဲ့သို့ သမားစစ်၊ သမားမှန်များ၊ ကျွမ်းကျင်တတ်မြောက်သော ပညာရှင်များကို လူစွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပပေးခြင်း၊ ထူးချွန်သည့် တိုင်းရင်းဆေးဆရာများအား ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခြင်းနှင့် ပရဆေးဥယျာဉ်များ တိုးချဲ့တည်ဆောက်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

နှစ်စဉ်နှစ်တိုင်းလည်း တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော် ညီလာခံများကိုလည်း ကျင်းပ၍ သမားတော်များစုစည်းကာ တိုင်းရင်းဆေးတိုးတက်ရေးကိုဆောင်ရွက်လျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ကျင်းပခဲ့သည်မှာ (၁၁)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့၌ (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်-

(က) မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊
(ခ) မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊
(ဂ) မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊
(ဃ) မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေး၏ အခန်းကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်သည်။ ခေတ်အဆက်ဆက်မှ ယနေ့အထိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခဲ့သည်မှာ ထင်ရှားစွာတွေ့ရှိရသည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ကျင်းပခြင်းဖြင့် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းဆေးသမားတော်များ တွေ့ဆုံညှိနှိုင်း၊ တိုင်ပင်ဆွေးနွေးခွင့်ရရှိကြမည် ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။ သို့ပါ၍ (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပံ့ပိုးကြရန်မှာ တိုင်းရင်းဆေးသမားတော်တိုင်း တာဝန်ရှိနေပါကြောင်း မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံအား ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

## အမှတ်(၁)ဒေသကောလိပ်(ဗိုလ်တထောင်) ကျောင်းသားဟောင်းများ ညှိနှိုင်းအစည်းအဝေးကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

အမှတ်(၁)ဒေသကောလိပ်တွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမကြီးများနှင့် တွေ့ဆုံကန်တော့ပွဲကျင်းပနိုင်ရန် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဌာနမှူး ဒေါ်မြင့်မြင့်သိန်း ဖုန်း-၆၄၆၉၄၄၊ ကထိက ဒေါ်ခင်စုလှိုင် ဖုန်း-၅၀၉၇၇၇ Ex-323၊ ပါမောက္ခ ဒေါက်တာတင့်လွင် ဖုန်း-၀၉-၅၀၀၇၃၃၇၊ ဦးချိုထွန်း ဖုန်း-၀၉-၅၀၁၂၅၇၈၊ ဒေါ်သိန်းသိန်းညွှန့် ဖုန်း-၀၉-၅၁၂၈၅၀၆၊ ဌာနမှူး ဒေါ်ကြူကြူသင်း ဖုန်း-၀၉-၇၃၁၅၆၃၄၃၊ ဒေါ်တင်တင်ထွေး ဖုန်း-၀၉-၅၀၈၉၄၁၇၊ ဦးမြင့်သူ ဖုန်း-၀၉-၇၃၀၀၈၇၁၉၊ ဦးစိန်မြ ဖုန်း-၀၉-၅၁၆၄၇၄၉၊ ဦးတင်ဦး ဖုန်း-၀၉-၈၆၃၁၈၂၉၊ သချ်ာဦးအောင်သင်း ဖုန်း-၃၈၉၃၇၀၊ ဦးအောင်သိန်း ဖုန်း-၀၉-၇၃၀၃၅၇၆၂၊ ဦးကိုကိုအောင် ဖုန်း-၀၉-၅၀၇၀၅၁၃ နှင့် ဒေါ်နီနီအေး ဖုန်း-၀၉-၅၁၉၂၆၈၁ တို့သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



**နိုဝင်ဘာ ၂၅ ရက်က ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် အမှာစကားပြောကြားစဉ်။** (ကြေးမုံ)



## ဒလမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း သုံးလပတ်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းဝင်းတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်စုဆောင်းရန်ပုံငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အသင်းဘဏ္ဍာရေးမှူး ဦးအောင်မင်းသို့ ပေးအပ်ကြောင်း သိရသည်။**(အပေါ်ပုံ)** (၅၆၉)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၉-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇:၅၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၈:၀၀ | ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈:၁၅ | ၇။ နှောင်းခေတ်တေးပဒေသာ |
| ၈:၂၅ | ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈:၄၀ | ၉။ International News |
| ၈:၄၅ | ၁၀။ တေးဂီတအစီအစဉ် |
| ၉:၀၀ | ၁၁။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၀ | ၂။ တေးဂီတအစီအစဉ် |
| ၄:၂၀ | ၃။ အတီးပြိုင်ပွဲ |
| ၄:၃၀ | ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၄:၄၀ | ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၄၅ | ၆။ ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၅:၀၀ | ၇။ “ရှင်သန်ခြင်း” |
| ၅:၂၅ | ၈။ ရောင်စုံရေးသီတေးပန်းချီ |
| ၅:၄၀ | ၉။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (ဆဋ္ဌမအကြိမ်) ရင်ချင်းဆက်အမြွှာ ခွဲစိတ်ကုသခြင်း |
| ၆:၀၀ | ၁၀။ ညနေခင်းသတင်း |
| ၆:၁၅ | ၁၁။ မိုးလေဝသအခြေအနေ |
| ၆:၂၀ | ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆:၃၅ | ၁၃။ ဆိုလိုက်ကြစို့ |
| ၇:၀၀ | ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ ကြမ္မာ” (ဒုတိယတွဲ) (အပိုင်း-၂၁)** |
| ၈:၀၀ | ၁၅။ ပြည်တွင်းသတင်း |
| | ၁၆။ နိုင်ငံတကာသတင်းများ |
| | ၁၇။ မိုးလေဝသအခြေအနေ |
| | ၁၈။ “ချိုမြိန်ရသာမုန့်ကမ္ဘာ” |
| | ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မွေးစားသား” (အပိုင်း-၄)** |
| | ၂၀။ **အိန္ဒိယရုပ်ရှင် “အနာဂတ်ရဲ့ပုံရိပ်” (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း)** |
| | ၂၁။ အစီအစဉ်ပြီး၏။ |

**ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းမကြီးနေ ဦးအောင်တင်-(ဒေါ်နုကြည်)မိသားစုက ဥက္ကံမြို့ ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ ထာဝရပဒေသာပင် ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။**

(ဘိုးဘွားရိပ်သာ)

# အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန(ယူနီတာ)တို့ ၂၀၁၁ ခုနှစ်အတွက် ပူးပေါင်းဖွင့်လှစ်သည့် အရာထမ်းများအတွက် ပထမသင်တန်းဖြစ်သော အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနဌာန တွဲဖက်ညွှန်ကြားရေးမှူး Madam Isabol Hubort က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် သင်တန်းတွင်ပါဝင်သော ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ယူနီတာမှ နည်းပြပါမောက္ခများ၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် အရာရှိများအတွက် နိုင်ငံတကာဥပဒေများဘာသာရပ်ကို ဒီဇင်ဘာ ၂ ရက်အထိ နေပြည်တော်တွင်ပို့ချမည်ဖြစ်ပြီး အလယ်အလတ်အဆင့် အရာရှိများအတွက် သံတမန်ရေးရာနှင့် စေ့စပ်ညှိနှိုင်းခြင်းပညာ ဘာသာရပ်တို့ကို ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။ စုစုပေါင်း သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)




**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်မြို့ ဟိန္ဒူဓမ္မသာလာ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

အလှူရှင် ဦးချန်ဒရာဒေပရာကပ်(ရှ်)(ခ)ဦးမောင်မောင်နှင့် ဇနီး ဒေါ်ရှာ(မ်)ကလီဒေဝီ(ခ)ဒေါ်စန်းမြင့် မိသားစုတို့က တည်ဆောက်လှူဒါန်းသော ပြည်မြို့ရှိ ဟိန္ဒူဓမ္မသာလာ အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်မိသားစုက သနန္တန ဓမ္မပါလက(ဟိန္ဒူ) ဗဟိုအဖွဲ့ချုပ်သို့ ဟိန္ဒူဓမ္မသာလာကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် အလှူရှင်မိသားစုက ပြည်မြို့ရွှေဆံတော်ဘုရား ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၁၀ သိန်း၊ ပြည်မြို့ ဆရာလေး မိဘမဲ့စာသင်ကျောင်းသို့ ငွေကျပ်ငါးသိန်း၊ ပြည်မြို့ခေတ္တရာ ဘိုးဘွားရိပ်သာသို့ ငွေကျပ်ငါးသိန်းနှင့် ပြည်မြို့တစ်ဖက်ကမ်း ရွှေမုဋ္ဌော ဘုန်းကြီးကျောင်းသို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ အလှူရှင် ဦးချန်ဒရာဒေပရာကပ်(ရှ်)(ခ) ဦးမောင်မောင်နှင့် ဇနီးဒေါ်ရှာ(မ်)ကလီဒေဝီ(ခ)ဒေါ်စန်းမြင့် မိသားစုတို့က ပြည်မြို့ရှိ ဟိန္ဒူဓမ္မသာလာ အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Gunilla Carlsson သည် ယနေ့ ညနေ ၄ နာရီတွင် အဆိုပါ ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ဖော်ဆောင်အောင်မြင်နေမှုများ၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ လူမှုဖူလုံရေး၊ ကလေးသူငယ်နှင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆွီဒင် ရေဒီယိုသတင်းဌာန၏ တွေ့ဆုံမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဖိလစ်ပိုင်သံအမတ်ကြီးနှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. MA HELLEN B.DE LA VEGA နှင့် အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်အား မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၌ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသော ကောင်စစ်ဝန်ချုပ် Mr. Yu Bo Ren နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများနှင့် ရောင်စဉ်ထွန်းပ မြန်မာ့အလှ ဓာတ်ပုံပြပွဲအခမ်းအနားများ ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၈

**(၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းပြပွဲနှင့် ရောင်စဉ်ထွန်းပ မြန်မာ့အလှဓာတ်ပုံပြပွဲများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်တက်ရောက်၍ အမှာစကား ပြောကြားသည်။**



**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် MTCO မှ Executive Director နှင့် PATA မှ Executive Officer တို့ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းပြပွဲနှင့် ရောင်စဉ်ထွန်းပ မြန်မာ့အလှ ဓာတ်ပုံပြပွဲများ ဖွင့်ပွဲအခမ်းအနား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ (MTB) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ Mekong Tourism Coordinating Office (MTCO) မှ Executive Director Mr. Mason Florence နှင့် Pacific Asia Travel Association (PATA) မှ Chief Executive Officer Mr. Martin Jeremy Craigs တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် Pacific Asia Travel Association (PATA) မှ Chief Executive Officer တို့က (၄၁)ခုမြောက် မြန်မာနိုင်ငံနှင့် PATA တို့၏ အခန်းကဏ္ဍသတ် ဖွင့်လှစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပုဂံနန်းမြင့်မျှော်စင်၌ ဒုတိယဝန်ကြီး၊ MTCO မှ Executive Director နှင့် PATA မှ Executive Officer တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခရီးသွားလုပ်ငန်းပြပွဲနှင့် ရောင်စဉ်ထွန်းပ မြန်မာ့အလှဓာတ်ပုံပြပွဲမှ ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပုဂံနန်းမြင့်မျှော်စင် ဒုတိယထပ်ရှိ Seminar Hall ၌ "ခရီးသွားလုပ်ငန်း စနစ်တကျနှင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေး" ဆွေးနွေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် Asia Development Bank (ADB) မှ Social Sector Specialist Mr. Steven Schipani တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် "ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် Asian Trails မှ Chief Executive Officer Mr. Luzi Matzig က လည်းကောင်း၊ "ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ" ကိစ္စရပ်များနှင့် ပတ်သက်၍ Mr. Arild Molstad၊ ဒေါ်ကြည်ကြည်အေး၊ Mr. Robert Mather (IUCN)၊ Mr. Alex Rayner၊ ဦးဝင်းနိုင်သော်နှင့် Mr. Anthony Wong တို့က လည်းကောင်း၊ "ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လူမှုအခြေခံခရီးသွားလုပ်ငန်း၏ အကျိုးသက်ရောက်မှု" များနှင့် ပတ်သက်၍ Ms. Nicole Haeusler၊ ဒေါ်ယဉ်မျိုးစု၊ Mr. Achim Munz၊ Mr. Pradech Phayakvichien နှင့် Mr. Eggarat Wongcharit တို့က လည်းကောင်း၊ အနာဂတ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များအား Mr. Jens Thraenhart၊ Mr. Martin Jeremy Craigs၊ ဦးမင်းဒင်၊ Prof Dr. Chira Hong Ladarom၊ ဒေါက်တာအောင်မြတ်ကျော်၊ Mr. Luzi Matzig နှင့်ဒေါ်စုစုတင်တို့ကလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




❍ ကျောဖုံးမှ

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ငွေကျပ်တစ်သိန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)နှင့် ဦးကိုကိုလှိုင်တို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)အား အမှူးထား၍ ဦးစိုးတင့်(ညီမေတ္တာ) မိသားစုနှင့် ဦးသန်းဝင်းမိသားစု (စွမ်းအားတံခွန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးမောင်မောင်အေး (မောင်ဟေမာ) မိသားစုက ငွေကျပ်ကိုးသိန်း၊ ရှိုင်းဟုတ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး[စွယ်စုံမီဒီယာဂရု(ပ်)]က ငွေကျပ်ခုနစ်သိန်း၊ PMG Co., Ltd၊ ပြေတီဦး ဖောင်ဒေးရှင်းနှင့် ဦးခင်မောင်သက်-ဒေါ်တင်တင်မြ မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဗိုလ်မှူးသက်ထွန်း(ငြိမ်း)-ဒေါ်သီသီနွယ် (ဗိုလ်ချုပ်ဈေး)နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဆရာမကြီးဒေါ်နန်းမွန်ဟိန်းတို့က ငွေကျပ်သုံးသိန်းစီ၊ စာရေးဆရာမ သီရိစံ၊ Street View Journal၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီလီမိတက်)နှင့် ဗိုလ်မှူးချုပ်စည်သူတင်ဖေနှင့် ဇနီး ဒေါ်သိန်းဆိုင်(မမြတ်လေး) မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးလှထွန်း (လှထွန်း-တွံတေး) ဇနီး ဒေါ်ညွန့်ညွန့်သန်း မိသားစုနှင့် ဦးခင်ဆွေ(ရွှေစွန်ညို)မိသားစုတို့က ငွေကျပ် ၁၀၅၀၀၀ စီ၊ ဦးကျော်ဝင်း (မနုသကျော်ဝင်း)၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူ-မောင်နိုင်မိုး)နှင့် ဒေါ်ခင်အေးမူ မိသားစု၊ ဦးကျော်ဝင်း(ပုဏ္ဏဝတီဘုန်းဆွေ)-ဒေါ်ဘေဘီမြင့် (ရွှေဘိုသီရိမာလာ) မိသားစု၊ ဒေါ်နန်းစုစုစံ၊ ဒေါ်သိန်းယုမိသားစု၊ ဆရာဝန်တင်ရွှေအား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ မင်းရွှေမင်း(အင်းစိန်)၊ နိုင်မျိုးသစ္စာ (နမ္မတူ)၊ ဦးဇော်မျိုးဟန် (ဇော်မျိုးဟန်-ငါးသိုင်းချောင်း)+ ဦးမျိုးခိုင်(မျိုးခိုင်-မူဆယ်)နှင့် ပြည်သူ့ခေတ်ဂျာနယ်တို့က ငွေကျပ်ငါးသောင်းစီ လှူဒါန်းကြသည်။

ဆက်လက်၍ ဦးလှတိုး(တိုးတက်)က ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ပြောစမှတ် ဟာသများစာအုပ် ၁၅၀၊ ဦးဖြေ(ဒေဝယက္ခဆေးတိုက်)က ငွေကျပ် ၃၂၆၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ သုံးသေတ္တာ၊ စေတနာလှိုင်(ရေစကြို)က ငွေကျပ် ၄၂၇၅၀၀ တန်ဖိုးရှိ တိုင်းရင်းလုပ်ငန်းရှင်များ၏ ပုံရိပ်စာအုပ် ၁၃၅ အုပ်၊ မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ၂၀၁၂ ပြက္ခဒိန်စောင်ရေ ၂၀၀၊ ဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ၂၀၁၂ ပြက္ခဒိန်စောင်ရေ ၂၀၀ နှင့် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)က ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေး(မောင်ဟေမာ)က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ လှူဒါန်းပွဲတွင် အလှူရှင် ၆၁ ဦးတို့က ငွေကျပ် ၃၅၃၆၂၉၅၀ နှင့် အလှူရှင်ခြောက်ဦးတို့က ငွေကျပ် ၁၄၄၃၅၀၀ တန်ဖိုးရှိ တိုင်းရင်းဆေး၊ ပြက္ခဒိန် များနှင့် စာအုပ်မျိုးစုံတို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပြေတီဦးဖောင်ဒေးရှင်းက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံသစ်တောကျောင်း (၁၀၇)ကြိမ်မြောက် ကျောင်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း (၁၀၇)ကြိမ်မြောက် ကျောင်းဆင်းပွဲစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းစစ်ရေးပြကွင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဘက်စုံထူးချွန် ကျောင်းသားဆုရ ကျောင်းသားအမှတ် (၁၃၂) ဦးစည်သူအောင်၊ ဘက်စုံထူးချွန် ဒုတိယဆုရ ကျောင်းသားအမှတ်(၁၁) ဦးအောင်ဆန်းဝင်း၊ စာပေထူးချွန်ဆုရ ကျောင်းသားအမှတ်(၆၈) ဦးအောင်မင်းဦး၊ လက်တွေ့ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၃၂) ဦးစည်သူအောင်၊ အားကစားထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၄၈) ဦးကျော်ဇင်အောင်၊ အကောင်းဆုံးစစ်ရေးပြ တပ်ခွဲဆုရ တပ်ခွဲအမှတ်(၃)တပ်ခွဲမှူးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေးတိုးတက်မှုနှင့် သဘာဝဝန်းကျင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မှုတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်မှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များအား မဆင်မခြင် ထုတ်ယူသုံးစွဲခဲ့သော အကျိုးဆက်ကြောင့် ကမ္ဘာနှင့်အဝန်း ရာသီဥတု ပြောင်းလဲခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မြန်မာနိုင်ငံရှိ အဖိုးတန် သဘာဝတောကြီးနှင့် သဘာဝပတ်ဝန်းကျင်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေတစ်ရပ်ကို ဝန်ကြီးဌာနက ရေးသားပြုစုနေပြီဖြစ်ကြောင်း၊ ထို့အပြင် နှစ်(၃၀)အမျိုးသား ပင်မစီမံကိန်းကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လျော့နည်းပျက်စီးခဲ့သော သစ်တောများကို အစားထိုးရန် စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ကျေးရွာသုံးစိုက်ခင်းများ စုစုပေါင်း ၂၁၃၅၁၁ ဧကအထိ တည်ထောင်ပြီးဖြစ်ကြောင်း။

ပုဂ္ဂလိကပိုင်ကဏ္ဍအနေဖြင့် ကျွန်းစိုက်ခင်း ၇၂၄၅၄ ဧကနှင့် သစ်မာမျိုးစုံစိုက်ခင်း ၃၆၉၃၄ ဧကကို တည်ထောင်ပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်အိမ်ရာ စိုက်ခင်းများ စီမံချက်ချဆောင်ရွက်ခဲ့သည့်အတွက် ကျွန်းနှင့်သစ်မာ စုစုပေါင်း ၂၅၆၅၁၇၆၀ ကို စိုက်ပျိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် သစ်တောထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီ၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးတို့က ထူးချွန်သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) မှ ဦးသန်းနွယ်၊ ရွှေသပြေကုမ္ပဏီမှ ဦးသိန်းဝင်းနှင့် တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းတို့က ထူးချွန်သင်တန်းသားများအား ရွှေတံဆိပ်ဆုနှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သစ်တောတက္ကသိုလ်နှင့် မြန်မာနိုင်ငံသစ်တောကျောင်းတို့သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံ သစ်တောကျောင်း ကျောင်းအုပ်ကြီးတို့က လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ သင်တန်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြန်မာနိုင်ငံ သစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦး မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလှဦးသည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)နှင့် နိုဝင်ဘာ ၆ ရက်မှ ၂၅ ရက်အထိ မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲအောင်ချက်မြင့်မားရေး၊ ကျောင်းဥပမိရုပ်ကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ဆရာ၊ ဆရာမများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဆွီဒင်နိုင်ငံ ဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၈

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H. E. Mrs. Gunilla Carlsson နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ၊ မိခင်/မွေးကင်းစနှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားရေးကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေးကိစ္စရပ်များ၊ ငှက်ဖျား၊ တီဘီနှင့် အေအိုင်ဒီအက်စ် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းကိစ္စရပ်များ၊ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေး လုပ်ငန်းကိစ္စရပ်များနှင့် နှစ်နိုင်ငံကျန်းမာရေးလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၁၁ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်တွင် ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနား တွင် သဘာပတိ ဦးရန်ကြီးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)က မြို့နယ် မဂ္ဂဇင်းထုတ်ရန် ဆောင်ရွက်နေသည်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က မြို့နယ် မဂ္ဂဇင်း အမြန်ထွက်ရှိရန် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အား တိုက်တွန်းပြောကြားကြောင်း သိရသည်။ **(ဝဲပုံ)** (၁၉)

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် ပျဉ်းမနားမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦး ဦးဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Wang Zongying နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များ ဖြစ်ကြသော ရှမ်းပြည်နယ် ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) ဦးဆောင်စီ၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထိုက်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံရေးပါတီတည်ထောင်လိုသူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားခွင့်ရှိကြသည်နှင့်အညီ နိုဝင်ဘာ ၂၈ ရက်တွင် ဦးစောသန်းကျော်ဦးအပါအဝင် ပုဂ္ဂိုလ် ၁၆ ဦးက ကရင်ဒီမိုကရက်တစ်ပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ဦးဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ကမ္ဘောဇအားကစားကွင်း၌ ကျင်းပရာ ပအိုဝ်းဒေသအသင်းက တာချီလိတ်ခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၂၈ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် လွိုင်လင်ခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# မိတ္ထီလာ၌ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် (Wheel Chair)စွမ်းရည်ပြ အားကစားသမားများသည် နိုဝင်ဘာ ၂၈ နံနက် ၆ နာရီတွင် ဝမ်းတွင်းမြို့မှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် မိတ္ထီလာသို့ ပန်းဝင်ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံများက စည်ကားသိုက်မြိုက်စွာ အားပေးကြိုဆိုကြောင်းသိရသည်။**(အပေါ်ယာပုံ)**



"မန္တလေး - နေပြည်တော် ခရီးစဉ်တစ်လျှောက် ကျောက်ဆည်-ဝမ်းတွင်း-မိတ္ထီလာ၊ ဒီနေ့ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ နေပြည်တော်အထိ ဆက်လက်ထွက်ခွာမှာဖြစ်ပါတယ်။ မိတ္ထီလာမှာ ခရီးတစ်ထောက်နားပြီး (Wheel Chair) အားကစားသမားများက ဘဝတူမသန်စွမ်းသူများကို မိမိကိုယ်ကို ယုံကြည်အားကိုးစိတ် မွေးမြူတတ်ဖို့အတွက် မသန်စွမ်းသူတစ်ယောက်ရဲ့ ဘဝရပ်တည်မှုနည်းလမ်း အသိပညာဗဟုသုတများကို ဟောပြောပေးသွားမှာဖြစ်ပါတယ်။ အားကစားသမား ၁၀ ဦးပါဝင်ပါတယ်။ ကိုးဦးက (Wheel Chair) အားကစားသမားများဖြစ်ပြီး ကျန်တစ်ဦးက စက်ဘီးအားကစားသမား ဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ (Wheel Chair) စွမ်းရည်ပြ အားကစားသမားများအား ဒေသခံမြို့မိမြို့ဖများနှင့် အလှူရှင် စေတနာရှင်များက ဂုဏ်ပြုငွေနှင့် တီရှပ်အင်္ကျီများ၊ ဦးထုပ်များကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (၅၇၉)

# ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၅၅/၀)အနီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း) မိုင်တိုင်အမှတ်(၁၅၅/၀)အနီး၌ ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ဒီဇယ်ဆီပီပါတင်ဆောင်လာသည့် ၁၂ ဘီးယာဉ်နှင့် မန္တလေးဘက်မှ ရန်ကုန်သို့ မောင်းနှင်လာသော ဆေးပေါ့လိပ်တင် ဘတ်(စ်)ကားတို့ တိုက်မိပြီး ဆေးလိပ်တင်ယာဉ်သည် လမ်း၏ ဝဲဘက်မြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဆေးလိပ်တင်ယာဉ်ပေါ်ပါ အမျိုးသားလေးဦး ဒဏ်ရာရရှိပြီး ၎င်းတို့အနက် နှစ်ဦးမှာ အုတ်တွင်းပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၅၅/၀)၌ ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ပျက်စီးသွားသောယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



# အာဆင်နယ်တိုက်စစ်မှူး ချာမက်အား ပေါင် ၁၀ သန်းဖြင့် ပီအက်စ်ဂျီအသင်း ကမ်းလှမ်း

**လန်ဒန် နိုဝင်ဘာ ၂၈**

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် အာဆင်နယ်တိုက်စစ်မှူး ချာမက်အား ပေါင် ၁၀ သန်းဖြင့် ဝယ်ယူရန် အာဆင်နယ်အသင်းထံ ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

ချာမက်သည် လက်ရှိအာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေပြီး လူစားလဲအဖြစ်သာ ဝင်ကစားနေရသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းက ယင်းအခွင့်အရေးကို အရအမိ ဆုပ်ကိုင်ရန် ယခုကဲ့သို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ နည်းပြ အာစင်ဝင်းဂါးက ချာမက်နှင့် ပက်ခ်ဂျူဟောင်တို့မှာ ၎င်း၏ အနာဂတ်စီမံကိန်းတွင် ပါဝင်နေဆဲဖြစ်ကြောင်း၊ သို့သော် လက်ရှိအချိန်တွင် အာဆင်နယ်အသင်း၌ တိုက်စစ်မှူး ဗန်ပါစီ အထူးခြေစွမ်းပြကာ ဂိုးသွင်းခြေမြန်နေသောကြောင့် တိုက်စစ်ပိုင်းအတွက် ပြောင်းလဲမှုပြုလုပ်ရန် မလိုအပ်ကြောင်း၊ ပရီမီယာလိဂ် ခယောင်းလမ်းမှာ အရှည်ကြီး ကျန်ရှိနေသေး၍ ၎င်းတို့အတွက် အခွင့်အရေး ရှိလာမည်ဖြစ်ကြောင်း၊ အကယ်၍ ပီအက်စ်ဂျီအသင်းက မက်လောက်စရာ ငွေကြေးပမာဏနှင့် ချာမက်အား ထပ်မံကမ်းလှမ်းလာမည်ဆိုပါက မိမိအနေဖြင့် လက်ခံနိုင်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

**ဟိုင်း ထက် လင်း**

# ကစားသမားဝယ်ယူစရိတ်နှစ်ဆ ပိုတောင်းလိုက်တဲ့နည်းပြ စတီဗီကင်း

**လန်ဒန် နိုဝင်ဘာ ၂၈**

ဘလက်ဘန်းနည်းပြ စတီဗီကင်းက လာမည့်အပြောင်းအရွှေ့ ဈေးကွက်တွင် ကစားသမားသစ်များ ထပ်မံဝယ်ယူပြီး နိုင်ပွဲများပြန်လည်ရှာဖွေကာ အသင်းအား တန်းဆင်းဇုန်မှ ကယ်တင်ရန်အတွက် အသင်းပိုင်ရှင်ဗန်ကီထံ ကစားသမား ဝယ်ယူစရိတ် နှစ်ဆပိုတောင်းဆိုခဲ့သည်။

ဘလက်ဘန်းအသင်းသည် ယခုနှစ် ဘောလုံးရာသီ၌ ၁၃ ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိထားပြီး တန်းဆင်းဇုန်နားတွင် တဝဲလည်လည်ဖြစ်နေသည်။ ထို့ကြောင့် ပရိသတ်များက နည်းပြ စတီဗီကင်း၏ စွမ်းဆောင်မှုကို သံသယ ဝင်နေကြပြီး အချို့ဆိုလျှင် ၎င်းအား ထုတ်ပစ်ရန်အထိ အသင်းပိုင်ရှင်ထံ တောင်းဆိုနေကြသည်။ ယင်းအတွက်ကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရသည့် စတီဗီကင်းသည် ဝေဖန်မှုများကို ချေဖျက်ရန် ရည်ရွယ်၍ ယခုကဲ့သို့ အသင်းပိုင်ရှင်ထံမှ အသုံးစရိတ် ပိုမိုတောင်းခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် တိုက်စစ်မှူးအသစ်တစ်ဦးနှင့် ကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူရန်ပြင်ဆင်နေပြီး ခံစစ်အတွက်ပါ ဖြည့်တင်းရန် နောက်ခံလူတစ်ဦးကို ရှာဖွေနေသည်။

ဘလက်ဘန်းအသင်းပိုင်ရှင် ဗန်ကီသည် အပြောင်းအရွှေ့ဈေးကွက်ဖွင့်တိုင်း ပေါင်ငါးသန်း ပေးနေရသည်။ သို့သော် စတီဗီကင်းက ယခင်ဈေးကွက်များက ပေးသော ပေါင်ငါးသန်းဖြင့် အသင်းအား ပြင်ဆင်ရန် မလောက်င၍ ယခုကဲ့သို့ ပေါင် ၁၀ သန်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

# အီတလီ ယူ-၂၁ တိုက်စစ်မှူးလေး ဂက်ဘီယာဒီနီအား မန်ယူပစ်မှတ်ထား

**မန်ချက်စတာ နိုဝင်ဘာ ၂၈**

မန်ယူနည်းပြ ဖာဂူဆန်သည် အီတလီ ယူ-၂၁ အသင်းမှ လူငယ်တိုက်စစ်မှူးလေး မာနိုလိုဂက်ဘီယာဒီနီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက်(၁၉)နှစ်အရွယ် ဂက်ဘီယာဒီနီသည် အီတလီ ယူ-၂၁ အသင်း၌ ၁၃ ပွဲတွင် ၁၀ ဂိုးထိ သွင်းယူပေးထားသဖြင့် ၎င်းအား ဖာဂူဆန်က ပေါင် ကိုးသန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မန်ယူအသင်းမှတိုက်စစ်မှူး ဘာဘာတော့ဗ်နှင့် အိုဝင်တို့မှာ ယခုလာမည့် ပြောင်းရွှေ့ကာလအတွင်း မန်ယူကို စွန့်ခွာဖွယ်ရာရှိနေပြီး ဖာဂူဆန်ကလည်း ၎င်းတို့၏ နေရာတွင် လူငယ်ကစားသမားများဖြင့် အစားထိုးရန် ကြံရွယ်နေသည်။

သို့သော် ဂက်ဘီယာဒီနီကို ခေါ်ယူမည့်အရေးတွင် ဖာဂူဆန်အနေဖြင့် အီတလီထိပ်သီးအသင်းများဖြစ်သည့် အေစီမီလန်နှင့်ဂျူဗင်တပ်တို့ကို ယှဉ်ပြိုင်ရန် အလုမ်းဝေးနေသည်။ အေစီနှင့် ဂျူဗင်တို့ကလည်း အဆိုပါတိုက်စစ်မှူးလေးအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။ သို့သော်လည်း ယင်းကိစ္စတွင် အခရာအကျဆုံး ပုဂ္ဂိုလ်မှာ အဆိုပါ တိုက်စစ်မှူးလေး၏ ဆုံးဖြတ်ချက်သာဖြစ်ပြီး အီတလီနှင့် အင်္ဂလန် မည်သည့်ဘက်သို့ ခြေဦးလှည့်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။



***အင်တာနက်။***

## တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံဘွဲ့ရအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသေးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပူးတွဲ တင်ပြနိုင်ရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၄)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ။

(င) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(စ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

(ဆ) ၂၀၀၉-၂၀၁၀ ပညာသင်နှစ်နှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်များတွင် သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science) ရရှိပြီးသူဖြစ်ရမည်။ (ဘွဲ့လက်မှတ်မူရင်း တင်ပြနိုင်ရမည်)။

(ဇ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဈ) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံးစစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ(၅)ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရေးချုပ်ရုံးသို့ ပေးပို့ကြရမည်။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များကိုသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၄။ ရွေးချယ်ခြင်းခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်း အောင်မြင်ပြီးလျှင် ဗဟိုဆေးတပ်တွင် ရက်သတ္တပတ်(၁၂)ပတ်ကြာ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစာငွေ (၃၅၀၀၀)ကျပ် ခံစားခွင့်ရှိသည်။

၅။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေးစည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့်အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ

## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေး၍ အလှူငွေများလက်ခံ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေး၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သက်ကြီးစာပေပညာရှင် ၁၅၂ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ လှူဒါန်းငွေကျပ် ၄၅၆၀၀၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လှူဒါန်းငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် သက်ကြီးစာပေပညာရှင် ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၇၆ သိန်း၊ ပုံနှိပ်သူများက ငွေကျပ် ၈၄၅၈၃၅၀၊ ထုတ်ဝေသူများက ငွေကျပ် ၃၁၁၂၀၀၀ နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍




**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ လှူဒါန်းငွေများကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ယ နေ့ သ တ င် း အ ညွှ န် း

### ကျူးဘားသိပ္ပံပညာရှင်များ၏ ကင်ဆာကာကွယ်ဆေးကုထုံး ဗြိတိန်၌ စမ်းသပ်စစ်ဆေးမည်

“ဖြစ်ပွားစ အဆုတ်ကင်ဆာရောဂါကို တားဆီးပေးမည့် ကမ္ဘာပေါ်၌ ပထမဆုံး ကာကွယ်ဆေးကုထုံး”

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### ဆိပ်ဖြူမြို့နယ်အတွင်း အဆင့်မြင့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိ

“ရုပ်ကြွင်းများအားလုံး ကိုလိုပိုင်း အုပ်စုဝင် အဆင့်မြင့် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်”

ပြည်တွင်းသတင်း စာမျက်နှာ - ၉

### အာဆင်နယ် တိုက်စစ်မှူး ချာမက်အား ပေါင် ၁၀ သန်းဖြင့် ပီအက်စ်ဂျီအသင်း ကမ်းလှမ်း

“လက်ရှိအာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေ”

အားကစားသတင်း စာမျက်နှာ - ၁၀

**ထူးခြားသည့် ညအပူချိန်များ ၂၈ - ၁၁ - ၂၀၁၁**

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းနှင့် ဟဲဟိုး | ၆ | ဒီဂရီစင်တီဂရိတ်စီ |

# ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ဆင်ဖြူတော်ရတနာတစ်စီး မွေးဖွား

## ဆင်ဖြူတော်ကြန်အင်လက္ခဏာများနှင့်ပြည့်စုံပြီး ကျန်းမာသန်စွမ်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီသည် နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ဆင်ဖြူတော်ဥယျာဉ်၌ ဆင်ဖြူတော်ရတနာတစ်စီး မွေးဖွားခဲ့ကြောင်း သိရှိရသည်။

ယခုမွေးဖွားခဲ့သည့် ဆင်ဖြူတော်ရတနာသည် အမဖြစ်ပြီး ကြန်အင်လက္ခဏာများမှာ အသားရောင်-ဩဇာခွံ(ပန်းရောင်)၊ မျက်လုံး-ပုလဲရောင်၊အမွေးအမှင်-အဖြူရောင်၊ အမြီး-တံခါးပိတ်(မြီးဆံသင့်)၊ နားရွက်-နားလတ်(ကြေးစည်ပုံ)၊ကျော-ငှက်ပျောကိုင်းတို့ဖြစ်သည့်အပြင် အရပ်အမြင့် ၃ ပေ ၁ လက်မနှင့် လုံးပတ် ၄ ပေ ၁ လက်မရှိပြီး ကျန်းမာသန်စွမ်းလျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ယခုမွေးဖွားခဲ့သည့် ဆင်ဖြူတော်ရတနာငယ် အပါအဝင် ဆင်ဖြူတော်ရတနာရှစ်စီး ပိုင်ဆိုင်နေပြီဖြစ်ရာ ပထမဆင်ဖြူတော် ရာဇာဂဟ သီရိပစ္စယဂဇရာဇာ၊ ဒုတိယဆင်ဖြူတော် သီဂီမာလာနှင့် တတိယဆင်ဖြူတော် ရတီမာလာတို့သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထား ကိုးကွယ်လျက်ရှိသည့် လောကချမ်းသာ အဘယလာဘ မုနိရုပ်ပွားတော်မြတ် အနီးရှိ ဆင်ဖြူတော်ဆောင်၌ စံပျော်လျက်ရှိပြီး စတုတ္ထဆင်ဖြူတော် ဘဒ္ဒဝတီ၊ ပဉ္စမဆင်ဖြူတော် နန္ဒဝတီ၊ ဆဋ္ဌမဆင်ဖြူတော် ငွေဆဒ္ဒန်၊ သတ္တမဆင်ဖြူတော် ဟေမဝတီနှင့် ယခုမွေးဖွားသည့် အဋ္ဌမမြောက် ဆင်ဖြူတော် ရတနာငယ်တို့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ဆင်ဖြူတော်ဆောင်၌ စံပျော်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)



**ဆင်ဖြူတော် ရတနာ ဘဒ္ဒဝတီနှင့် အဋ္ဌမမြောက် ဆင်ဖြူတော် ရတနာငယ်တို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)